

၏
တိုက်မြွေရှင်မ
ဝတ္ထု

ထုတ်ဝေသူ - ဦးကျော်ဝင်း၊ အမှတ်-၅၂၀(က)၊အင်း၀(၄)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်တိုက် - ဦးကျင်ရင် (ရွှေခြသေ့ ပုံနှိပ်တိုက်)၊ အမှတ် (၁၂)၊ သရဖီလမ်း၊ ဓော/အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - သိန်းရွှေကြည်
အတွင်းဖလင် - ဗလမင်းထင် (ဖုန်း - ၀၉ ၂၅၃ ၂၂၂၉၄၃)
ပုံနှိပ်ခြင်း - ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ
တန်ဖိုး (၁၅၀) ကျပ်၊ အုပ်ရေ (၅၀၀)
ချူးစာပေ - ၀၉ ၅၀၃၀၁၀၆ ၊ ၀၉ ၅၁၈၅၀၈၄ ၊ ၀၁ ၈၅၀၀၆၉၆





အသင်း • ၁ •
ယနေ့ အင်းစိန် စီအိုင်ဒီရုံး တွင် စုံထောက်မင်းကြီး
မစ္စတာ ရှက်တ်ဝါလ် တစ်ယောက် ခေါင်းမီးတောက်
လျှက် ရှိသလို စီအိုင်ဒီရုံး ၏ စုံထောက်ကျော်များ
ဖြစ်ကြသော အိုင်ပီ ပုပြင်း... မိုးလုံး... ညွန့်အောင် တို့နှင့်
ဆားပုလင်း စောလွင်... တင်ထွန်း... မြဲဗေ တို့မှာ ဆူပူ
ကြိမ်းမောင်းလျှက် ရှိသော စုံထောက်မင်းကြီး ၏
ရှေ့တွင် ခေါင်းမဖော် ရဲအောင် ရှိနေကြတော့၏...
မောင်မင်းတို့ အစိုးရရဲ့ လစာရိက္ခာတွေ စားနေပြီး... တာဝန်ကျတော့ မကျေကြဘူး... ခု ဘယ်လို လုပ်မလဲ...
ဒီ ရန်ကုန်မြို့ကြီးမှာတင်.. မဖြစ်သင့်တဲ့ နေရာတွေမှာ... မဖြစ်သင့်တဲ့ လူသေမှုတွေဖြစ်တာ သုံးမှုရှိပြီ...


ဘယ်လို ဖြစ်ပြီး ကားမောင်း နေတဲ့ သူဌေးကြီးကို မြွေ က ကိုက်ရတာလဲ... ဘယ်လိုဖြစ် ပြီး ဆေးရုံပေါ်က လူနာကို မြွေ တက် ကိုက်ရတာလဲ...
ဘယ်လို ဖြစ်ပြီး ကုမ္ပဏီရုံးခန်း ထဲက ကုမ္ပဏီ ပိုင်ရှင်ကြီး ကို မြွေဝင်ကိုက်ရတာ လဲ....
အဲဒီလို မြွေကိုက်ပြီး လူသေ ရတဲ့ အမှုသုံးမှု တစ်လ နှစ်လ အတွင်းမှာ ဖြစ်သွားတာဟာ သာမန် လူသေမှုမျိုး မဟုတ် ဘူး...
ထူးဆန်းတဲ့ လူသေမှုတွေ ဖြစ်လို့ အဲဒီ လူသေမှုတွေရဲ့ဖြစ်ရပ်မှန် တွေကို ပုလိပ်အဖွဲ့ကြီးက ဖော်ထုတ်ပေးသင့်တယ်လို့ သတင်းစာတွေ က ပလူပျံနေ အောင် ရေးနေကြပြီ...


ဒါကြောင့် ပုလိပ်မင်းကြီးက အဲဒီ အမှုတွေဟာ... လူသေမှု ရိုးရိုးလား... ဘယ်လိုကြောင့် အဲဒီလို ပုံစံမျိုးနဲ့... ရန်ကုန် မြို့ရဲ့ အထင်ကရလူကုံထံ သုံးယောက် ဆက်တိုက်သေရသလဲ ဆိုတာစုံစမ်းထောက်လှမ်း ဖော်ထုတ်ပေးဖို့...
ကျွန်ုပ် တို့ စီအိုင် ဒီ ကို တာဝန်ပေးထားတာ နှစ်ပတ် ရှိပြီ...
ခုအထိ မောင်မင်းတို့က စုံစမ်းဖော်ထုတ် မပေးနိုင် သေးဘူး...မောင်မင်းတို့ ဘာ အသုံးကျလဲ...ဆိုးဘာက်ဒ်...
ဤတွင် ဆားပုလင်း စောလွင်က မရဲတရဲ ဖြင့် စောဒက တက်သည်။
ဒါ....ဒါကတော့ မင်းကြီးရယ်... မြွေဆိုတာ သစ်ပင်တောင် တက်တက်တာ ပဲဟာ... ကားပေါ်... တိုက်တွေပေါ် တက်ပြီး ကိုက်ချင်ကိုက်မှာ ပေါ့...


ရှင်အောင် မလက်ဒီဖူးလ်... မောင်မင်း ဘာ အရူးစကား ပြောတာလဲ... ကားပေါ် တိုက်ပေါ် တက်ပြီး မြွေ ကိုက်တယ် ဆိုရအောင် အဲဒီ မြွေ ကိုက် ခံရပြီး သေတဲ့ လူကြီး လူ ကောင်း သုံးဦးဟာ...
တစ်ယောက် နဲ့ တစ်ယောက် သိနေကြ ရင်းနှီး နေကြတဲ့ သူတွေကွ.. မြွေတွေဟာ အသိအကျွမ်း သုံးယောက်ကို ရွေး ကိုက်သတဲ့လား... ဘလက်ဒီ ဖူးလ်....
အခု ဘုရင်ခံ ကတောင် အဲဒီ ကိစ္စကို မေးလာပြီတဲ့.. ပုလိပ်မင်းကြီးက အခုပဲ ကျွန်ုပ်ကို ဖုန်းဆက်ပြော တယ်... ဘယ်လို လုပ်ကြမလဲ... ကျွန်ုပ် ရဲ့ မြည်းမိုက် တွေရဲ့... ဆိုးဘက်ဒ်... ဆိုးဘက်ဒ်...
စုံထောက်မင်းကြီး မစ္စတာ ရှက်တယ်လ် ယင်းသို့ ဆူပူကြိမ်း မောင်းလျှက်... အိုင်ဗီ ပုပြင်း တို့ လူစု ခေါင်း မဖော်နိုင်အောင် ဖြစ် နေကြစဉ် မှာပင်.... အိုင်အို ပုကြီး သည် စုံထောက်မင်းကြီး ၏ ရုံးခန်းထဲ ဝင်ရောက် လာပြီးလျှင်.. စုံထောက် မင်းကြီး အား ဆလံ ရိုက်ကာ အလေးပြု လိုက်လေသည်။



ကျွန်တော် ခွင့် ရက်စေ့သွားလို့ ဒီနေ့ပဲ အလုပ် စ ဝင်ပါတယ် မင်းကြီး...
အိုးဂေါ့ဒ်... ဘုရားသခင် ရဲ့ အလို တော်အရ... လူကလေး ဗာရာ ပွကြီး အချိန် မီ ပြန်ရောက် လာလို့ တော်တော့တယ်... လူကလေး... ထိုင်ပါ... ထိုင် စစ်ပေါင်း အင်ဒ် ပလိစ် ဂစ်မီ အက်ဒ်မိုက်စ်...
ဒိုင်မို ပွကြီး က... မင်းကြီး၏ မျက်နှာချင်းဆိုင် ရှိ ကုလားထိုင်တွင်.. ခြေထောက်ချင်း ချိတ်လျှက် ထိုင်လိုက် ပြီးနောက် သူ၏ကုတ်အကျႌ အောက်အိတ်ထဲမှ ငွေရောင် စီးကရက်ဘူးကို ထုတ်လိုက်လေသည် ။
ဗွန်ပလေးယား စီးကရက်ကို ထုတ်ပြီး နှုတ်ခမ်းထောင့်တွင် ခဲလိုက်လေလျှင်.. စုံထောက်မင်းကြီးက ဗွန်ဆင် မီးခြစ်ကို ဒိုင်ဒိုပွကြီး ဘက်သို့ တွန်းပို့လိုက်လေသည်.။
ဒိုင်ဒိုပွကြီး က စီးကရက်ကို မီးညှိ ကာ အားပါးတရ ရှိုက်ပြီး မီးခိုးငွေ့ များကို မှုတ်ထုတ် လိုက်လေသည်...


စီအိုင်ဒီ ဝါရင့် စုံထောက်များ
ဖြစ်ကြသော ဒိုင်ဗီ
ဖေအောင် တို့ လူစု မှာ
မင်းကြီး ၏ ရှေ့တွင်
စီးကရက်ကို ခပ်တည်တည်
သောက်နေသည့် ဒိုင်ဒီ
ပွကြီး အား မနာလို ဝန်တို
သော မျက်လုံးများဖြင့်
ကြည့်နေကြလေ၏ ။
သူတို့ ဆိုလျှင်
မင်းကြီး ၏ ရှေ့၌
စီးကရက် သောက်
ဖို့ မပြောနှင့်...
ကုလားထိုင်မှာပင်
ဝင်မထိုင် ဝံ့ကြချေ...
သို့သော်..... သူတို့တွေ မဖော်
ထုတ် နိုင်သည့် အထင်ကရ
မှုခင်းကြီးကို လွယ်လင့်
တကူ ဖော်ထုတ်ပြီး.... တရားခံ
တို့ကို လက်ရဖမ်းဆီးနိုင် ခဲ့
သော ဒိုင်ဒီ ပွကြီး အား
စုံထောက်မင်းကြီး က မျက်နှာ
သာ ပေးလျက် ရှိရာ.... ဒိုင်ဗီ
ဖေအောင် တို့ လူစု မှာ...
ဒိုင်ဒီ ပွကြီး ကို မနာလိုဖြစ်နေ
ရုံသာ တတ် နိုင်ကြတော့၏။


ဒိုင်ဒို ပုကြီးက စီးကရက်ကို
အတန်ကြာ ရှိုက်ခဲ ဖွာနေပြီးမှ
စုံထောက်မင်းကြီး အား လေသံ
အေးအေး ဖြင့် ပြောလိုက်လေသည်...
လွန် ခဲ့တဲ့
တစ်လနဲ့ ဆယ့် ရှစ်ရက်ကစပြီး
ဖြစ်ပွားခဲ့တဲ့ မြွေကိုက်ပြီး သေဆုံးခဲ့ရတဲ့
သေမှုသေခင်း ကိစ္စတွေ မဟုတ်လား
မင်းကြီး... အဲဒီအမှုတွေ ကျွန်တော့်
ကိုသာလွှဲလိုက်ပါ.. တစ်လအတွင်း
စုံစမ်းဖော်ထုတ် ပေးပါ့မယ်...
အိုးဂေါ့ဒ်..
တယ်ဟုတ် ပါလား...
လူကလေး တစ်လအတွင်း
အဲဒီ အမှုကိစ္စတွေကို
စုံစမ်းဖော်ထုတ်ပေးမယ်
ဟုတ်လား...
ဟုတ်ပါတယ်
မင်းကြီး... ရောက်
ရာ အရပ်မှာ ကျွန်တော်
တွေ့တဲ့ သတင်းစာ ဝယ်ဖတ်ထား
လို့ အဲဒီ အမှုကိစ္စတွေ အကြောင်း
သိတန်သလောက် သိပြီးပါပြီ
မင်းကြီး...
ဒါပေမယ့်...
အဲဒီ လူသေမှုသုံးမှု
ဟာ တစ်ခု နဲ့ တစ်ခု ဆက်စပ်
နေပုံ ရတယ်... ဒါကြောင့် သုံ
လွန်စ တစ်ခုကို ဆုပ်ကိုင်မိ
တာနဲ့ သုံးမှုစလုံးကို ဖြေရှင်း
နိုင်ပါလိမ့်မယ်....


ဒါဆို လူကလေး အဲဒီ မြွေကိုက် သေမှု သုံးမှု စလုံးဟာ ရိုးရိုး မြွေကိုက် သေတာ မဟုတ် မဟုတ် ဘူးလို့ မောင်မင်း ယူဆ တယ်ပေါ့...
ဟုတ်ပါတယ်... အဲဒါတွေဟာ သာမန်မြွေကိုက် သေတာမျိုး မဟုတ် နိုင်ဘူး ဆိုတာခန့်မှန်း လို့ ရပါတယ်မင်းကြီး.... အဲဒီ မြွေကိုက် သေဆုံးရမှုတွေ ရဲ့ နောက်ကွယ်မှာ ရှုပ်ထွေး နက်နဲမှုတွေ ရှိနိုင်ပါတယ်...
ဒါကြောင့် အဲဒီ အမှုတွေကို ကျွန်တော့် သာ လွှဲပေးလိုက် ပါ.... အဖြေ မှန်ကို အမြန်ဆုံး သိ နိုင်အောင် ကျွန်တော် ကြိုးစားပေးပါ့မယ်...
ကောင်းပြီ... မောင်မင်း ရဲ့ စကား အတိုင်းသာ တစ်လ အတွင်း အဲဒီ အမှုတွေကို အမှန် အတိုင်း ပေါ်ပေါက်အောင် ကြိုးစားပေတော့....


လူကလေး အိုင်ပီ ဖေအောင် နဲ့ အိုင်ပီ တင့်ဆွေ...
ဟုတ်ကဲ့... အမိန့်ရှိပါ မင်းကြီး...
အဲဒီ မြွေကိုက်မှုသုံးမှုရဲ့ အမှုတွဲ case file တွေ လူကလေး အိုင်ပီ ပွကြီးကို လွှဲလိုက်ပါ...
ဟုတ်ကဲ့... ကောင်းပါပြီ မင်းကြီး...
သို့ဖြင့်.... အိုင်ပီ ပွကြီး သည်... လူကုံထံ သုံးဦး မြွေကိုက် သေဆုံးခဲ့ကြရမှုကို အိုင်ပီ ဖေအောင်တို့ ထံမှ လက်လွှဲ ယူလိုက်တော့၏။


ဟင်း ဟင်း.. မြဟ္မာ ဦးခေါင်းတော့ မြှောက်ဘက်ကို ရွှေ့သွား ပြီ ကိုတင့်ဆွေရေ..
အေးဗျာ... တောင်တောင်... တောင် တောင် လုပ်နေတဲ့ ပွဲကြီး ဒီတစ် ချီတော့ အကွဲကြီး ကွဲမှာ သေချာတယ် ဗျ....
အင်း... အကွဲကြီးပဲကွဲ မလား.... တိုက်မြွေ ကိုက် ပြီးပဲ သေမလား မသိဘူး ဗျို့ဟား ဟား ဟား...
အိုင်စီ ဖေအောင် နှင့် အိုင်စီ တင့်ဆွေတို့ လူ စုကာမှု ကွယ်ရာတွင် အိုင်အိုင် ပွဲကြီး ကို ကဲ့ရဲ့ လှောင်ပြောင် ရှုတ်ချ လျှက်ရှိကြပါတော့သတည်း....
၁၁


အပိုင်း • ၂ •
တစ်နေ့နံနက် ဝိုင်း စောစောမှာပင် ကျွန်ုပ်သည် (၉) ထပ်ကြီး ဘုရားဘက်မှ မားကရာဘက်သို့ ပြန်လာစဉ် ။
အော်စတင် ကားနက်လေး တစ် စီးသည် ကျွန်ုပ်၏ နံဘေးသို့ ထိုးရပ်လာသဖြင့် လှည့်ကြည့်လိုက်ရာ.... ကျွန်ုပ်၏ မိတ်ဆွေလေး အိုင်အိုမှူကြီးသည်... ကားခေါင်းခန်းမှ ဦးခေါင်းပြူထွက်ကာ... နှုတ်ဆက်စကား ဆိုလေသည်...
ဟဲလို အာစရိ... လမ်းလျှောက်ရာက ပြန်လာသလား....
ဟုတ်တယ် အိုင်ဆေးရ... စောစောစီးစီး အရေးကိစ္စ တစ်ခုခု ပေါ်လို့... ကျုပ် ဆီလာတာများ လား...
ဟုတ်ပါ့ အာစရိယာ... အရေးကြီးတဲ့ အမှုကိစ္စ တစ်ခုအတွက် တိုင်ပင် အကြံဉာဏ်ယူချင်လို့ အာစရိရဲ့...


ဒါဆို
အစောက် ပဲ... ကားပေါ်က
ဆင်းခဲ့တော့.... ကျုပ်လည်း
(break first ) နံနက် အဆာပြေ မစား
ရသေးဘူး.... ဟောဟိုက.... ကာကာဆိုင်
မှာ..... စားရင်း သောက်ရင်း ဆွေးနွေး
စကား ပြောဆိုကြတာပေါ့....
ကောင်း
တာပေါ့ အာစရိ ရယ်..
အာစရိ ကို ကျွန်တော် ဒါန
ပြုပါရစေ...
သို့ဖြင့်.... ကျုပ် နှင့် ဒိုင်ဒိုပွကြီး တို့..... ကာကာဆိုင်တွင်
ထိုင်လိုက်ကြပြီး.... ပဲ ပလာတာ နှင့် လက်ဖက်ရည်ကို
သောက်ရင်း ဆွေးနွေး ပြောဆိုကြလေသည်။
အာစရိ...
ခုတလော....ရန်ကုန်
မှာ ဟစ်... (Hit) ဖြစ်နေ
တဲ့ မှုခင်းသတင်းကို
သတိထားမိမှာပေါ့...


ဘာလဲ... သူဌေး သုံးယောက် ကို မြွေကိုက်တဲ့ သတင်းလား...
ဟုတ်တယ်... ခွင့်ရက်နေ့လို့ အလုပ် ပြန်ဝင်ချင်း နေ့မှာပဲ... မင်း ကြီး က.... နားပူနားဆာ လုပ် တာနဲ့ အဲဒီအမှု (case)ကို ကျွန်တော် ကိုင်တွယ် ထောက် လှမ်းပေးပါ့မယ် ဆိုပြီး တာဝန် ယူလိုက်ရတယ် အာစရိ ရဲ့...
ကျွန်ုပ်က... ကုတ်အင်္ကျီ အောက်အိတ်ထဲမှ ဆေးတံကို ထုတ်ကာ ဆေးဖြည့်မီးညှိ ဖွာ ရှိုက်ရင်းရင်း မှတ်ချက်စကား ဆိုလိုက်၏။
အဲဒီ အမှု ကိစ္စကို မောင်ရင် ကိုင် တွယ်ရင် မောင့်ရင့် အတွက် အန္တရာယ်တော့ ကြီးလိမ့် မယ်....
ဘာကြောင့် များလဲ အာစရိ ရဲ့...


အင်း.. ဦးဆုံးစဉ်းစား ရမှာက အဲဒီမြွေကိုက် သေဆုံးရမှု တွေဟာသာမန် ရိုးရိုး မြွေကိုက်မှုတွေ လား... တမင် ဖန်တီးတဲ့ မြွေကိုက်မှု တွေလား ဆိုတာ ခွဲခြား စိစစ် စဉ်းစားကြည့်ဖို့ပဲ အိုင်ဆေးရဲ့...
ကျွန်တော် ကတော့... တမင် ဖန်တီး ခဲ့တဲ့ မြွေကိုက်မှု တွေလို့ ယူဆတယ် အာစရို...
ဟုတ်တယ်... ကျုပ်လည်း အဲဒီလိုပဲ ယူဆပါတယ်..ကဲ..မောင်ရင် ရဲ့ယူဆပုံ ပြောပြပါဦး..
ဒီလို အာစရို ရဲ့.. ကျွန်တော် ပြန်ရောက်မလာခင် တုန်းက.. အိုင်ပီ ဦးဇေဇေအောင် တို့ စုံစမ်းထားသမျှကို အမှုတွဲ (case file) ထဲမှာ လေ့လာသိရှိရတာ ကတော့.. မြွေကိုက်ပြီး သေဆုံးရတဲ့ လုပ်ငန်းရှင်ကြီး သုံးဦးစလုံးဟာ တစ်ယောက် နဲ့ တစ်ယောက် အတော်ရင်းနှီးကြတယ် အာစရို ရဲ့...